
# လုပ်ကြံသတင်းဖြင့် လှုံ့ဆော်ထားသော အမုန်းစကား




## ပြုလုပ်သူ

လုပ်ကြံသတင်းဖြန့်သူသည် ကိုယ်ပိုင် အယူ အဆဖြင့် ပြုလုပ် သော တစ်ကိုယ်တည်း သမားများဖြစ်နိုင် သည်။ သို့သော် နိုင်ငံရေး တွင်ပူးပေါင်းပါဝင်မှု ကို ဖိနှိပ်ရန်၊ ရှုပ်ထွေး မှုနှင့် သံသယကို ဖန်တီးရန်နှင့် မဲဆန္ဒ ရှင်များ အုပ်စုကွဲ စေရန် ရည်ရွယ်၍ နိုင်ငံခြား သို့မဟုတ် ပြည်တွင်း မှ လူများ ပူးပေါင်းကာ လုပ်ကြံ သတင်းများ အလျှင် အမြန်နှင့် လူအများ ထံ ပြန့်နှံ့ရန် ဆောင်ရွက် မှုများပြားလာ နေသည်။

ထိုသို့ဆောင်ရွက်ခြင်း ကြောင့် လူ့အဖွဲ့အစည်း၏ စည်းလုံးမှု နှင့် ဒီမိုကရေစီကို လျော့ပါးစေပြီး နိုင်ငံရေး တင်းမာမှုကို ဖြစ် စေခြင်း သို့မဟုတ် လူတစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခု တည်မြဲရေး၊ ငွေကြေး အကျိုးအမြတ်ရရှိမှုတို့ကို ဖြစ်ပေါ်စေပါသည်။

## သတင်းစကား

ပြည်သူကို လှည့်ဖြားရန် ရည်ရွယ်၍ ဖန်တီးထားသော ဖြုတ်စဗျင်းတောင်း သတင်းများ (junk news) သို့မဟုတ် အတုအယောင် အကြီးစားများ (deepfakes) ကဲ့သို့သော သတင်း စကားများသည် ပြန့်နှံ့နေပြီး ဖြစ်သော ဇာတ်လမ်းများကို မီးထိုးပေးသည်။ ထိုသတင်းစကား များကို ပြန့်နှံ့မှု အမြင့်ဆုံး ဖြစ်ရန်နှင့် ထိုသတင်းစကားများ ရရှိသူတို့၏ ဘက်လိုက်လိုစိတ်ကို လှုံ့ဆော်ပေးရန် တွက်ချက် ဖန်တီးထားသည်။ မှတ်ဉာဏ်တု (AI) သည် အလွန် လှုံ့ဆော်နိုင် စွမ်းရှိသော ပုံရိပ်များနှင့် သတင်းစကားများကို ပို၍ ဖန်တီးနိုင်စေသည်။

## ဖြန့်ဝေသည့်နည်းလမ်း

အခကြေးငွေ ပေး၍ လူအများထံ ရောက်အောင် ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ထားသော (လူ၊ ဘော့ (bot) နှင့် ထိုနှစ်မျိုး ပေါင်း) လူမှုကွန်ယက် ခေခေသကညအ များမှ တစ်ဆင့် အစစ်အမှန် မဟုတ်သော သတင်းစကားများကို သတင်းအချက်အလက်များထဲသို့ ထုတ်လွှတ်သည်။ ဤသတင်း စကားသည် အတုအယောင် account များမှတဆင့် လူအများသို့ ရောက်ရှိသွားသော အခါ လူများက ၎င်းတို့ကို ထပ်မံ၍ မျှဝေခြင်း (Share) ဖြင့် လူများ ပိုမိုယုံကြည်လာကာ ၎င်းတို့သည် သမားရိုးကျ သတင်းမီဒီယာ များထံသို့ ရောက်ရှိသွားသည်။ ထို့ပြင် တစ်ယောက်စကား တစ်ယောက်နားဖြင့်လည်း ပြန့်သည်။ ဖော်မြူလာ (algorithms) နှင့် မှတ်ဉာဏ်တု (AI) တို့သည် လူတို့၏ ကိုယ်ရေးအချက် အလက်များကို အသုံးချကာ ၎င်းတို့ ရည်ရွယ်သည့် လူအုပ်စုသို့ ရောက်အောင် အဆွဲ ဆောင်နိုင်ဆုံး ပုံစံဖြင့် သတင်းစကားများ ကိုဖြန့်ဝေ ကြသည်။

## ဘာသာပြန်သူ

ပြုပြင်၍ ထုတ်လုပ်ထားသော အမုန်းစကားများ သည် ပို၍ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကာ ပို၍ ပြန့်နှံ့ပုံပေါ်သည်။ ထိုအခါ သာမန် - တက်ကြွမှု မရှိသော သူများပင်လျှင် ပို၍ ရဲဝံ့ လာပြီး မဲဆန္ဒရှင်များ၏ ခံယူချက်ကို ပြောင်းလဲစေကာ အမုန်းစကား၏ ဦးတည်အုပ်စုများ အပေါ်ရန်လိုမှုကို မြင့်တက်လာ စေနိုင်သည်။ ပြည်သူပြည်သား များသည် နိုင်ငံရေးနှင့် ရွေးကောက်ပွဲ ဖြစ်စဉ်၏ ဂုဏ်သိက္ခာအပေါ် ချိန်းခြောက်မှု များကို ပို၍ ခံစားရလာ နိုင်စေပါသည်။

## အန္တရာယ်

သတင်းအမှန်နှင့် အမှားကို ပြည်သူ များ ခွဲခြားနိုင်ရန် ခက်ခဲလာခြင်းသည် အန္တရာယ်ကို ဆပွားတိုးစေသည်။ ထို့ပြင် အမြန်ဆုံး တုန့်ပြန်လိုမှု၊ မမျှတမှုနှင့် ချိန်းခြောက်မှုတို့ကို ခံစားရမှု မြင့်တက်လာနိုင်စေပါသည်။

အမုန်းစကားကို နည်းလမ်းတစ်ခု အဖြစ် အသုံးပြုသော လုပ်ကြံ သတင်းဖြန့် လှုပ်ရှားမှုတစ်ခု၏ သာဓကများတွင် အောက်ပါတို့ ပါဝင်သည်။

Source: Disinformation Campaigns and Hate Speech: Exploring the Relationship and Programming Interventions (IFES 2019)